ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၇
နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၉) ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၁၉.၅.၂၀၁၇ ရက်နေ့တွင် ကျင်းပသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ဤ ညွှန်ကြားချက်အမှတ်၊ (၂/၂၀၁၇) ကိုထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ မတည်ငွေရင်းထည့်ဝင်ခြင်း၊ မတည်ငွေရင်းတိုးမြှင့်ခြင်းနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်ညီညွတ်စေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် –

(က) ပြည်ပကုမ္ပဏီများအနေဖြင့် မတည်ငွေရင်းထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်းဆောင်ရွက်ရာတွင် မတည်ငွေရင်းအား ပြည်ပနိုင်ငံရှိ မိခင်ကုမ္ပဏီမှထည့်ဝင်ခြင်းဖြစ်ပါက မိခင်ကုမ္ပဏီသည် တရားဝင်အဖွဲ့အစည်းအဖြစ် ရပ်တည်မှုအနေအထား၊ ၎င်းမတည်ငွေရင်းအတွက် ဝင်ငွေရ ငွေဝင်လမ်းကြောင်းဖော်ပြချက်၊ ၎င်းတို့ယူဆောင်လာသော မတည်ငွေအရင်းအမြစ်အား သက်ဆိုင်ရာနိုင်ငံ၏ အခွန်စည်းကြပ်ဌာနများတွင် အခွန်ဆောင်ပြီးကြောင်းအထောက်အထား၊

(ခ) ပြည်တွင်းကုမ္ပဏီများ၊ အစုစပ်ကုမ္ပဏီများအနေဖြင့် မတည်ငွေရင်း ထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်းဆောင်ရွက်ရာတွင် မတည်ငွေရင်းအား ပြည်တွင်းကုမ္ပဏီ၊ ပြည်ပကုမ္ပဏီနှင့် အစုရှယ်ယာရှင်များထည့်ဝင်ခြင်းဖြစ်ပါက ဝင်ငွေရလုပ်ငန်းဖော်ပြချက်၊ ဝင်ငွေအပေါ်အခွန်ဆောင်ပြီးကြောင်း အထောက်အထား၊ တိုးမြှင့်ထည့်ဝင်ပြီး မတည်ငွေသုံးစွဲမည့်အစီအစဉ်၊ ထားရှိမည့်ဘဏ်၊

(ဂ) INGO, NGO အဖွဲ့အစည်းများအနေဖြင့် မတည်ငွေရင်း ထည့်ဝင်ခြင်း၊ တိုးမြှင့်ခြင်းဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများထံမှ လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊

ရယူဆောင်ရွက်မှု သဘောတူညီချက်၊ အလျှူရှင်အဖွဲ့အစည်း၏ တရားဝင်မှတ်ပုံတင်ထားရှိမှု အထောက်အထား၊ တိုးမြှင့်မည့် မတည်ငွေရင်းကို အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် အမှန်တကယ်သုံးစွဲမည် ဖြစ်ကြောင်းဝန်ခံချက် ဖော်ပြပေးရန်။

၃။ အထက်ပါသတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါကပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ